**၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၁၄)**

၁။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခါသမယတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် မြန်မာနိုင်ငံပြည်သူပြည်သားများနှင့်လည်းကောင်း၊ နိုင်ငံတကာ အသိုက်အဝန်းနှင့်လည်းကောင်း ပူးပေါင်းကာ ဤသမိုင်းဝင်နေ့ရက်ကို ဂုဏ်ပြုပါသည်။

၂။ ယခုနှစ်သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွက် အရေးကြီးသောနှစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်ပြီးနောက် အဖွဲ့ဝင်၁၁ဦးပါဝင်သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဥပဒေနှင့်အညီပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကော်မရှင်ဥပဒေ၏ ရည်ရွယ်ချက်များအနက် ရည်ရွယ်ချက်တစ်ရပ်တွင် ကုလသမဂ္ဂက ထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရန်ဟု ဖော်ပြပါရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရန်ရည်ရွယ်ချက်အပြင် ဥပဒေသည် နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာကွယ်နိုင်ရန်အတွက်လည်း ရည်ရွယ်ပါသည်။ ကော်မရှင်အနေဖြင့် အဆိုပါ ရည်ရွယ်ချက်များကို ယုံကြည်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ၂၀၁၄ခုနှစ်အတွင်း၌ ကော်မရှင်သည် ဧရာဝတီ၊ မကွေး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ်သို့သွားရောက်၍ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေး လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ယခင်နှစ်မှစ၍ ယခုနှစ်ကုန်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း (၄၀) သို့ သွားရောက်ကာ ၎င်းဒေသတွင် နေထိုင်ကြသော ပြည်သူများအတွက် လူ့အခွင့်အရေးအသိပညာ ဗဟုသုတများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။ ယခုနှစ်အတွင်း၌ ကော်မရှင်သည် ဆွီဒင်နိုင်ငံမှ ရာအူးဝါလင်းဘတ်တက္ကသိုလ်နှင့် ပူးပေါင်း၍ ပြည်နယ်(၇) ရပ်သို့ သွားရောက်ကာ သက်ဆိုင်ရာ ပြည်နယ်အသီးသီးမှ နိုင်ငံ့ဝန်ထမ်းများအား လူ့အခွင့်အရေးပညာပေးသင်တန်းများ ကျင်းပရန်စီစဉ်ခဲ့ပါသည်။ ယင်းကဲ့သို့ စီစဉ်သည့်အတိုင်း အလုပ်ရုံသင်တန်းများကို မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသည့် ပြည်နယ်(၂)ရပ်ဖြစ်သော ရခိုင်

ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း ယခုနှစ်မကုန်မီ ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုကဲ့သို့ လူ့အခွင့်အရေးပညာပေး သင်တန်းများကျင်းပခြင်းသည် နိုင်ငံ့ဝန်ထမ်းများအား လူ့အခွင့်အရေး အသိပညာမြင့်မားစေပြီး လူ့အခွင့်အရေးဖောက်ဖျက်မှုများ မဖြစ်ပေါ်စေရေးအတွက် ကုစားမှု တစ်ရပ် ဖြစ်စေပါမည်။

၄။ ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးကာကွယ်ရေးလုပ်ငန်းအဖြစ် ကော်မရှင်တွင်လက်ခံရရှိသော တိုင်တန်းချက်များကို သေချာစွာ စဉ်းစားကိုင်တွယ်ခြင်းဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထိုင်းနိုင်ငံ ခိုတောင် ကျွန်း၌ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်နေ့က ထိုင်းနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင် လျက်ရှိသည့် မြန်မာအလုပ်သမားနှစ်ဦးအား ဗြိတိန်နိုင်ငံမှ စုံတွဲကို မုဒိန်းကျင့်မှုနှင့်လူသတ်မှု စွပ်စွဲချက်ဖြင့် ဖမ်းဆီးထားကြောင်းလေ့လာ သိရှိရသည့်အခါ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ထိုင်းနိုင်ငံ၌ ဖမ်းဆီးခံနေရသည့် အဆိုပါ မြန်မာအလုပ်သမားနှစ်ဦး၏ လူ့အခွင့်အရေး အကာအကွယ်ပေးရေးအတွက် ထိုင်းနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် မှတစ်ဆင့် မေတ္တာရပ်ခံခဲ့ပါသည်။ အခြားကိစ္စတစ်ရပ်မှာ ကိုအောင်နိုင်(ခ) ကိုအောင်ကျော်နိုင်(ခ) ကိုပါကြီး သေဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးပေးရန် နိုင်ငံတော်သမ္မတရုံး၏ တာဝန်ပေးချက် အရ ကော်မရှင်သည် ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ စုံစမ်း စစ်ဆေးပြီး နိုင်ငံတော်သမ္မတထံ အထူးအစီရင်ခံစာတင်သွင်းခဲ့ပါသည်။ ထို့ပြင် ပြည်သူများ သိရှိစေရေးအတွက် ကော်မရှင် ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။

၅။ လူ့အခွင့်အရေးဘာသာရပ်နှင့် စပ်လျဉ်းသည့် နှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံ ဆွေးနွေးပွဲ များ ကျင်းပခြင်းသည် ကော်မရှင်၏အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်း ရပ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ကော်မရှင်သည် ၂၀၁၄ ခုနှစ်အတွင်း အဓိက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များနှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲအသီးသီးကို ကျင်းပခဲ့ပါသည်။ နှိပ်စက်ညှင်းပန်းမှုနှင့် အခြားရက်စက်ကြမ်းကြုတ်သော၊ လူသားမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ဆန့်ကျင်ရေး သဘောတူစာချုပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ခုနှစ်၊ မတ်လတွင် နေပြည်တော် ၌ကျင်းပခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုလွှတ်တော်နှင့် တရားရေးတို့မှ အဆင့် မြင့်အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ တစ်ဖန် ၂၀၁၄ခုနှစ်၊ ဇူလိုင်လတွင် မသန်စွမ်း သူများအခွင့်အရေးအတွက် အမျိုးသားစုံစမ်းရေးလုပ်ငန်းရေးဆိုင်ရာ ပဏာမအလုပ်ရုံသင်တန်းကို

ရန်ကုန်မြို့ရှိ အင်းယားကန်ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံသင်တန်းသို့ မသန်စွမ်းသူပုဂ္ဂိုလ်များလည်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။ လူမျိုးရေးခွဲခြားမှုမပြုရေး၏ အရေးကြီးမှုကို သိရှိနားလည်စေရေးအတွက် လူမျိုးရေးခွဲခြားမှုပုံစံအားလုံးတိုက်ဖျက်ရေး နိုင်ငံတကာ သဘောတူစာချုပ်နှင့် စပ်လျဉ်းသည့်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လတွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ ကော်မရှင်က ယခုနှစ်အတွင်းကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲများအနက် အထူးအရေးကြီးသည့်အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်မှာ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) တွင် မြန်မာနိုင်ငံသုံးသပ်မှုခံယူရေးကိစ္စနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် နေပြည်တော်၌ကျင်းပခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အသီးသီးမှအဖွဲ့ဝင်များ၊ အစိုးရပိုင်းမှ ကိုယ်စားလှယ်များနှင့် အရပ်ဘက် အဖွဲ့အစည်းများမှကိုယ်စားလှယ်များ တက်ရောက်၍ တက်ကြွစွာဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကျော့ UPR လုပ်ငန်းစဉ်တွင် ၂၀၁၅ခုနှစ်အတွင်း၌ သုံးသပ်မှုခံယူရန်ရှိရာ အမျိုးသားအဆင့် အစီရင်ခံစာ တင်သွင်းရေးနှင့်စပ်လျဉ်း၍ ကြိုတင် ပြင်ဆင်ပေးသည့်အနေဖြင့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပေးခဲ့ခြင်းဖြစ်ပါသည်။

၆။ ဒေသဆိုင်ရာလှုပ်ရှားမှုအနေဖြင့် ကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်တစ်ဦးလိုက်ပါလျက် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၃ ရက် မှ ၅ ရက်အထိ နယူးဒေလီမြို့၌ကျင်းပသော အာရှပစိဖိတ်ဒေသ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် APF ၏ (၁၉)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ကာ APF ၏၂၀၁၅ မှ ၂၀၂၀ ခုနှစ်အထိ မဟာဗျူဟာ စီမံကိန်း ရေးဆွဲရေး၌ တက်ကြွစွာပါဝင်ဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် SEANF ၏ တင်းပြည့် အဖွဲ့ဝင်ဖြစ်သည့် အားလျော်စွာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော SEANF ၏(၁၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် SEANF ၏ ၂၀၁၂ ခုနှစ် မှ ၂၀၁၆ ခုနှစ်ထိ မဟာဗျူဟာလုပ်ငန်းစဉ်ကိစ္စနှင့် SEANF အတွင်းရေးမှူးချုပ်ရုံး ဖွင့်လှစ်ရေးကိစ္စတို့အပါအဝင် ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကြပါသည်။ ဆွီဒင်နိုင်ငံရှိ ရာအူးဝါလင်းဘတ်တက္ကသိုလ်၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကော်မရှင်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်မှ ၁၇ ရက်နေ့အထိ မွန်ဂိုလျားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ သွားရောက်

ကာ မွန်ဂိုလျားနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များကိုလေ့လာပြီး မိမိတို့ ဆောင်ရွက် ချက်များကိုလည်း မျှဝေခြင်းဖြင့် အတွေ့အကြုံဖလှယ်ခွင့်ရရှိခဲ့ပါသည်။ ယင်းသို့လေ့လာစဉ်တွင် ကော်မရှင်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်အတွက် နားလည်မှုစာချွန်လွှာ ချုပ်ဆိုရန်သဘောတူညီမှု ရရှိခဲ့ကြပါသည်။ ကော်မရှင်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ မှ ၂၁ ရက်နေ့အထိ တရုတ်နိုင်ငံပေကျင်းမြို့ရှိ တရုတ်နိုင်ငံလူ့အခွင့်အရေးလေ့လာရေးအဖွဲ့အစည်းသို့လည်း သွားရောက်လည်ပတ်ခဲ့ပါသည်။ အဆိုပါအဖွဲ့အစည်းသည် တရုတ်နိုင်ငံ၌ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အကြီးမားဆုံး အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ နားလည်မှုအတွက် ပညာရေးဆိုင်ရာ အာရှပစိဖိတ်ဌာနနှင့် ဗန်ကောက်မြို့ရှိ ယူနက်စကိုရုံးတို့ပူးပေါင်းကျင်းပသည့် "ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်ယဉ်ကျေးမှုအတွက် တစ်ကမ္ဘာလုံး၏ နိုင်ငံသားများ ပညာရေး" ( EIU: Global Citizenship Education for a Culture of Peace and Sustainability ) အမည်ရှိ မဲခေါင်ဒေသ ခွဲဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ ၎င်း အစည်းအဝေးက ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ရေရှည်ခံသည့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ပညာရေး၏ အရေးပါမှု အသိပညာကို မျှဝေနိုင်ခဲ့ပါသည်။ ယခုနှစ်အတွင်း အခြားအရေးကြီးသော အစည်းအဝေး တစ်ရပ်မှာ " လူ့အခွင့်အရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်း" အမည်ရှိ အလုပ်ရုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို သစ်တောဆိုင်ရာပုဂ္ဂိုလ်များ၏အစီအစဉ်(Forest Peoples Programme) အမည်ရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ အစည်းအဝေးတွင် အရှေ့တောင်အာရှဒေသ၌ ပုံမှန်စွမ်းဆောင်ရည်နှင့် အဆင့်အတန်း တည်ဆောက်ရေးသို့ ဦးတည် ဆောင်ရွက်သည့် လူ့အခွင့်အရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေး လုပ်ငန်းခေါင်းစဉ်ပါ ဘာလီကြေညာချက်ကို သုံးသပ်ဆွေးနွေးကြပြီးနောက် "အရှေ့တောင် အာရှဒေသတွင် လူ့အခွင့်အရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်း" ခေါင်းစဉ်ဖြင့် ရန်ကုန်ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

၇။ လူ့အခွင့်အရေးနေ့အခါသမယတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေတွင် သတ်မှတ်ပါရှိသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း သန္နိဋ္ဌာန်ပြုပါသည်။ ယင်းကဲ့သို့

ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုကို ပြည့်ဝစွာ ရရှိမည်ဟုလည်း မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်